ပုံစံ(၁၁)

# ခုံသမာဓိကောင်စီ

## ခုံအဖွဲ့၏ဆုံးဖြတ်ချက်

## {နည်းဥပဒေ ၂၃(စ) }

## ခုံအဖွဲ့

၂၀၁၄ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ် (၄၀ /၂၀၁၄)

| | |
|---|---|
| ဦးကျော်ကျော်(ပိုင်ရှင်)<br>Holly Myanmar Co., Ltd<br>အမှတ်(၁၃၃)၊ပြင်စည်မင်းသားကြီးလမ်း၊<br>ရွှေလင်ပန်းစက်မှုဇုန်၊လှိုင်သာယာမြို့နယ် | လျှောက်ထားသူ |

နှင့်

| | |
|---|---|
| ဒေါ်စန်းစန်းမေ(စက်ချုပ်)<br>(၁၈)ရပ်ကွက်၊လှိုင်သာယာမြို့နယ်။ | လျှောက်ထားခြင်းခံရသူ |

ရက်စွဲ၊ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်

## ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်းစက်မှုဇုန်၊ အမှတ်(၁၃၃)ရှိ Holly Myanmar Co., Ltd (ပိုင်ရှင်) ဦးကျော်ကျော် နှင့် ဒေါ်စန်းစန်းမေ(စက်ချုပ်)တို့ အကြား ဖြစ်ပွားသော ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ်(၈၁/၂၀၁၄) ဆုံးဖြတ်ချက်အပေါ် ဦးကျော်ကျော်(ပိုင်ရှင်)ကိုယ်စား ဦးအောင်လှိုင်ဝင်း(မန်နေဂျာ) Holly Myanmar Co., Ltdမှ မကျေနပ်သဖြင့် ခုံသမာဓိကောင်စီသို့လျှောက်ထားသည့်အတွက် ခုံသမာဓိကောင်စီ အမှုအမှတ် (၄၀/၂၀၁၄)အားစစ်ဆေးရန် အမိန့်ကြော်ငြာစာအမှတ် (၆၀/၂၀၁၄)ဖြင့် (၁၁-၁၂-၂၀၁၄)ရက်နေ့တွင် ဥက္ကဋ္ဌ ဦးခင်မောင်ရီ၊ အဖွဲ့ဝင် ဦးဌေးအောင်၊ အဖွဲ့ဝင် ဦးရဲနိုင်ဝင်း တို့ဖြင့် ဖွဲ့စည်းတာဝန် ပေးအပ်ခဲ့ပါသည်။

၂။ အထက်အပိုဒ်(၁)ပါတာဝန်ပေးချက်အရ ကျွန်ုပ်တို့ခုံအဖွဲ့သည် လက်ခံရရှိသော အမှုတွဲများ၊ တင်ပြချက်များ၊ နှစ်ဖက်အငြင်းပွားသူများ၏ တင်ပြလျှောက်လဲချက်များအပြင် Holly Myanmar

Co., Ltd၏ အယူခံအပေါ် သေချာစွာစိစစ်သုံးသပ်၍ အောက်ပါကောက်ချက်များကို ရေးဆွဲပြီး၊ ဆုံးဖြတ်ခြင်းတို့ကို ဆောင်ရွက်လိုက်သည် -

<u>ကောက်ချက်အမှတ်(၁)</u>။ အလုပ်သမား ဒေါ်စန်းစန်းမေ(စက်ချုပ်)အားခိုင်လုံသော အကြောင်းပြချက်မရှိဘဲအလုပ်မှထုတ်ပစ်ခဲ့သဖြင့်မူလနေရာတွင် မူလရာထူးဖြင့် ပြန်လည်ခန့်အပ်ရန် နှင့်ကြားကာလနစ်နာကြေး ခံစားခွင့်ပေးရန် သင့်မသင့်။

<u>သုံးသပ်ချက်အမှတ်(၁)</u>။ (က)ယခုအငြင်းပွားမှုဖြစ်သည့်စက်ရုံကို (၂၀-၃-၂၀၁၄)တွင် စတင်ဖွင့်လှစ်ပြီး အလုပ်သမားပေါင်း ကျား(၃၀)ဦး၊ မ(၂၉၄)ဦး ပေါင်း (၃၂၄)ဦးရှိကြောင်း တွေ့ရှိရသည်။ယင်းစက်ရုံတွင် အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူညီချက် စာချုပ်မချုပ်ဆိုရသေးသည့်အပြင် အခြေခံအလုပ်သမားအဖွဲ့အစည်း နှင့် စက်ရုံတွင်း လုပ်ငန်းညှိနှိုင်းရေးကော်မတီလည်း ဖွဲ့စည်းထားခြင်းမရှိကြောင်းတွေ့ရှိရသည်။

(ခ)စက်ရုံနှင့်အငြင်းပွားမှုပေါ်ပေါက်သူ ဒေါ်စန်းစန်းမေမှာ စက်ရုံသို့ (၂၂-၃-၂၀၁၄)တွင် အလုပ်စတင်ဝင်ရောက်သူဖြစ်ပြီး၊ (၁၁-၁၀-၂၀၁၄)နေ့တွင် စက်ရုံတွင်းဆူပူအောင် ဖန်တီးမှုပြုသူဟူသော အကြောင်းပြချက်ဖြင့် အလုပ်မှထုတ်ပစ်ခြင်းခံရသူဖြစ်ကြောင်းတွေ့ရှိရသည်။

(ဂ)(၂၆-၁၁-၂၀၁၄)နေ့တွင် ခုံသမာဓိအဖွဲ့မှ ဥက္ကဋ္ဌ ဦးကျော်ရီဦး၊ အဖွဲ့ဝင် ဦးမျိုးမင်းမင်း၊ အဖွဲ့ဝင် ဦးခိုင်ထွန်း တို့စစ်ဆေးမေးမြန်းသည့် အဖွဲ့၏ရှေ့မှောက်၌ (မန်နေဂျာ)ဦးအောင်လှိုင်ဝင်း၏ ထွက်ဆိုချက်အရ ဒေါ်စန်းစန်းမေ၏ နောက်ဆုံးထုတ်လစာငွေမှာ - ကျပ်-၁၅၅၀၀၀/-ဖြစ်ကြောင်း တွေ့ရှိရသည်။

(ဃ)ယခုအမှုတွင် အလုပ်ထုတ်ခံရသော အလုပ်သမားအား အပြစ်မပေးမီ စက်ရုံမှ လိုက်နာကျင့်သုံးရန် အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနမှညွှန်ကြားထားသော"အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူညီချက်စာချုပ်" စာမျက်နှာ(၁၀)အပိုဒ် ၁၄ အပြစ်ပေးအရေးယူခြင်း၊" အလုပ်သမားတစ်ဦးသည် အောက်ဖော်ပြပါ ပြစ်မှု တစ်ခုခုကို ကျူးလွန်ကြောင်းထင်ရှားလျှင် ပထမအကြိမ်နှုတ်ဖြင့် သတိပေး၍သော်လည်းကောင်း၊ဒုတိယအကြိမ်စာဖြင့် သတိပေးခြင်း သော်လည်းကောင်း၊တတိယအကြိမ်စာဖြင့် ခံဝန်ကတိလက်မှတ်ရေးထိုးစေ လျက်ပြင်းထန်စွာ သတိပေးပြီး နောက် ထပ်မံကျူးလွန်ပါက အလုပ်မှရပ်စဲသည်အထိ အပြစ်ပေးနိုင်သည်။ထိုအခါ အလုပ်သမား သည် အပိုဒ်

၁၇/၁၂/၂၀၁၄ ၁၇.၁၂.၂၀၁၄

(၁၅-၂)(က)မှ(ဃ)အထိပါ အကျိုးခံစားခွင့်များကို ခံစားခွင့်မရှိပါ" ဟူသော သဘောတူညီချက်စာချုပ်ပါ သတ်မှတ်ချက်နှင့်လည်း မကိုက်ညီသည့်အပြင် သတိပေးခဲ့သည်ဟု အလုပ်ရှင်က တင်ပြသော သက်သေခံစာရွက်ပါ နေ့ရက်များသည် စက်ရုံ၌လုပ်ခလစာ တိုးရေးအတွက် စုပေါင်းဆန္ဒပြခဲ့ကြပြီး မြို့နယ်ညှိနှိုင်း ဖျန်ဖြေရေး အဖွဲ့ရှေ့မှောက်တွင် အလုပ်ရှင်၊ အလုပ်သမား နှစ်ဖက် သဘောတူ စာချုပ်ချုပ်ဆိုခဲ့ကြသည့် (၃၀-၉-၂၀၁၄)ရက်နေ့မတိုင်မီကဖြစ်ရပ်များ ဖြစ်နေကြောင်းကိုလည်း သုံးသပ်တွေ့ ရှိရသည်။

(င)အလုပ်သမားဒေါ်စန်းစန်းမေ၏ (၁၄-၁၀-၂၀၁၄)နေ့က ဖျန်ဖြေရေးအဖွဲ့ရှေ့မှောက်၌ ထွက်ဆိုချက်တွင် (၂၆-၉-၂၀၁၄)နေ့ က အလုပ်သမားအများဆန္ဒအရ စုပေါင်းတောင်းဆိုမှု ပြုခဲ့ပြီးနောက် အလုပ်သမားအဖွဲ့အစည်းဖွဲ့စည်း ရန်ရည်ရွယ်၍ ၎င်းအားဥက္ကဋ္ဌ နေရာတင်ခဲ့သောကြောင့် တစ်ဖက်သတ်ထုတ်ခဲ့ခြင်း ဖြစ်သည်ဟူသောထွက်ဆိုချက်ကိုလည်း ထည့်သွင်း စဉ်းစားသင့်ကြောင်းတွေ့ရှိသည်။

(စ)သို့အတွက် မြို့နယ်ဖျန်ဖြေရေးရှေ့မှောက်တွင် (၃၀-၉-၂၀၁၄) နေ့က အမှုအမှတ်-၁၅၁/၂၀၁၄၏ သဘောတူညီချက်စာချုပ် အပိုဒ်(တ) အရ အလုပ်သမား ဒေါ်စန်းစန်းမေ(စက်ချုပ်)အား အလုပ်မှ မထုတ်ပယ်သင့်ကြောင်း သုံးသပ်ရရှိသည်။

(ဆ)ထို့ကြောင့် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က (၂၈-၁၁-၂၀၁၄)နေ့ တွင်အစည်းအဝေးပွဲအမှတ် (၈၀/၂၀၁၄)ဖြင့် အမိန့်ချမှတ်ခဲ့သော ဆုံးဖြတ်ချက်အမှတ်(၁)ကို အောက်ပါအတိုင်း ပြင်ဆင်ဆုံးဖြတ်လိုက်သည် -

**ဆုံးဖြတ်ချက်အမှတ်(၁)။**

(က)အလုပ်ရှင်က အလုပ်သမား ဒေါ်စန်းစန်းမေ(စက်ချုပ်) အား ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ အလုပ်မှထုတ်ပစ်ခဲ့သဖြင့် ၎င်းအား မူလနေရာတွင် မူလရာထူးလစာဖြင့် အလုပ်ပြန်လည်ခန့်ထားပေးရန် ဆုံးဖြတ်သည် ။

(ခ) အလုပ်သမား ဒေါ်စန်းစန်းမေ(စက်ချုပ်) အား အလုပ် ပြန်လည်ခန့်ထားရန် ဆုံးဖြတ်ခဲ့သဖြင့် အမှုရင်ဆိုင်ဖြေရှင်းနေရသည့် ကာလဖြစ်သော အလုပ်ထုတ်ခံရသည့်နေ့ (၁၁-၁၀-၂၀၁၄)ရက်နေ့မှ အလုပ်ပြန်လည်ခန့်အပ်ခံရသည့်နေ့အထိကို ကြားကာလနစ်နာကြေးပေးရန်ရက်အဖြစ် သတ်မှတ်လျှက် နစ်နာကြေးပေးရန်ငွေကို

၁၇/၁၂/၂၀၁၄ ၁၇/၁၂/၂၀၁၄ ၁၇/၁၂/၂၀၁၄

ငှင်း၏နောက်ဆုံးထုတ်လစာ ကျပ် ၁၅၅၀၀၀/-(ကျပ်တစ်သိန်းငါး သောင်းငါးထောင်တိတိ/-)ဖြင့် တွက်ချက်ပေးလျော်စေရမည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင်ဖော်ပြထားသောနေ့ရက်မှစ၍ အာဏာတည်စေရမည်။

၃။ အလုပ်ထုတ်ခံရသူအားပေးလျော်ရန် ဆုံးဖြတ်လိုက်သည့် ကြားကာလနစ်နာကြေးငွေကို ဤဆုံးဖြတ်ချက်ချသည့်နေ့ရက်မှစ၍ ရက်ပေါင်း(၃၀)အတွင်း ပေးရမည်။ငွေပေးသွင်းရန်ပျက်ကွက်လျှင်အဆိုပါငွေကို အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေး နည်းဥပဒေ အပိုဒ် ၂၉အရ မြေခွန်မပြေကျန်ငွေကဲ့သို့အရ ကောက်ခံရမည်။

(ဦးဌေးအောင်) (အဖွဲ့ဝင်)

(ဦးခင်မောင်ရီ) (ဥက္ကဋ္ဌ)

(ဦးရဲနိုင်ဝင်း) (အဖွဲ့ဝင်)